# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး

# ၃၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၂- ၃ - ၂၀၁၃ ]

# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မင်းပြားမြို့ ကမ်းပြို ထိန်းသိမ်းနိုင်ရေးအတွက် ရေကြောင်းလမ်း ပြောင်းလွဲ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **၂၀၁၁ - ၂၀၁၅ ကာလတို ငါးနှစ်စီမံကိန်းနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်တောင်ပိုင်း ဂွ၊ သံတွဲ၊ တောင်ကုတ်မြို့နယ်များ၌ နိုင်ငံတကာနှင့် ချိတ်ဆက် ကုန်စည်ပို့ဆောင်ခြင်း၊ လက်ခံခြင်းအား တရားဝင်ဆောင်ရွက်ခွင့်ပြုထားသော ကုမ္ပဏီပိုင် သင်္ဘောဆိပ်များ တည်ဆောက်ခွင့်ပြုထားခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ဝန်ထမ်းများ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေးတို့နှင့် ပတ်သက်၍ တိကျသည့် ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များ ချမှတ်ဆောင်ရွက်ထားခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ကုန်သွယ်ရေးဂိုဒေါင်နှင့်ဂိုဒေါင်ဝင်းများအား ပုဂ္ဂလိက (သို့မဟုတ်) သင့်လျော်သော အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးမည့်အခြေအနေကို သိရှိလိုခြင်းနှင့် ကျေးရွာများရှိ စပါးအဝယ်ဒိုင်ဝင်းများအား မူလပိုင်ရှင် (သို့မဟုတ်) ကျေးရွာသို့ လွှဲပြောင်းပေးမည့် အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် နိဂုံးချုပ်စကား ပြောကြားခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း။